**ဖွံ့ဖြိုးရေးဌာနစိတ်၏၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလလုပ်ငန်းဆောင်ရွက်ချက်များ**

၁။ **စာအုပ်၊ စာနယ်ဇင်းများတွင် ပညာပေးရေးသားခြင်း၊ အသံလွှင့်ခြင်း**

**အသံလွှင့်ခြင်း(သုတအဖြာဖြာတိုင်းရင်းဆေးပညာအစီအစဉ်)**

( ၁ )မီးယပ်ဖြူဆင်းခြင်းနှင့်ပတ်သက်၍ တိုင်းရင်းဆေးဖြင့် ကုသခြင်းအားပြန်လည်ဖြေကြားခြင်း

( ၂ )ကျောက်ကပ်ရောင်ရောဂါနှင့်ပတ်သက်၍မေးမြန်းလာမှုအားပြန်လည်ဖြေကြား

(၃)ခြေတုန်/လက်တုန်ဝေဒနာခံစားနေရခြင်းအား တိုင်းရင်းဆေးပညာအမြင်ဖြင့်ပြန်လည်ဖြေကြားခြင်း

( ၄ )ဝက်ခြံပေါက်ခြင်းနှင့်ပတ်သက်၍မေးမြန်းလာမှုအားပြန်လည်ဖြေကြားခြင်း

၂။ **စာအုပ်၊ စာစောင်၊ ပိုစတာများရိုက်ကူးခြင်း**

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့်တိုင်းရင်းဆေးပညာပြတိုက် လက်ကမ်းစာစောင်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၃။ **စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် (CTME)**

ဖွံ့ဖြိုးရေးဌာနစိတ်ကတိုင်းဒေသကြီးနှင့် ပြည်နယ်(၁၅)ခုတို့ရှိတိုင်ရင်းဆေးရုံများတွင်ကျင်းပသော CTMEအစီအစဉ်တွင် "ပန်းနာရင်ကြပ်ရောဂါအကြောင်း" ဖတ်ကြားနိုင်ရန်အတွက် လမ်းညွှန်မှုပေးနိုင်ခဲ့ပါသည်။

၄။ **တိုင်းရင်းဆေးဝါးကြော်ငြာစိစစ်ခြင်း**

မဂ္ဂဇင်းကြော်ငြာ- (၁) ခု

TV/ Radio ကြော်ငြာ- (၃) ခု

၅။ **ပြခန်းများဖွင့်လှစ်ခြင်းနှင့် စာကြည့်တိုက် ထိန်းသိမ်းခြင်း**

- (၁၃- ၉- ၂၀၁၈) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် နေပြည်တော် တိုင်းရင်းဆေးပညာပြတိုက်သို့ လာရောက်ကြည့်ရှု၍ လိုအပ်သည်များကိုလမ်းညွှန်မှုများပြုခဲ့ပါသည်။
- ( ၂၀- ၉- ၂၀၁၈ )ရက်နေ့တွင် Thai Traditional Alternative Medicine (DTAM) မှ အမျိုးသားပရဆေးဥယျာဉ်နှင့်တိုင်းရင်းဆေးပညာပြတိုက်၊ နေပြည်တော်သို့ လာရောက်လေ့လာသူ (၈) ဦးအားဖွံ့ဖြိုးရေးဌာနစိတ်ကတာဝန်ကျ ဆရာမများမှ ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။
- ( ၂၈- ၉- ၂၀၁၈ )ရက်မှ ( ၂၉- ၉- ၂၀၁၈ ) ရက်နေ့အထိနေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရာဇဌာနီလမ်း၊ မင်္ဂလာဗျူဟာခန်းမ၌ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကျင်းပသော အစားအသောက်/ ဆေးဝါး/ အလှကုန်/ ဆေးပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပြပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးပညာပေးပြခန်းဖွင့်လှစ်ခဲ့ပါသည်။

၆။ www.dtm.gov.mm website **ပေါ်တွင်တင်ရန် အချက်အလက်များပေးပို့ခြင်း**

- ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် ဖွံ့ဖြိုးရေးဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းပေးပို့ခြင်း၊
- ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကျင်းပပြုလုပ်ခဲ့သော စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ်မှ အစာမကြေခြင်းနှင့်ပတ်သက်၍ ကျင်းပဆောင်ရွက်ခဲ့မှုများအား စုစည်းပေးပို့ခြင်း

- တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ၊ ကွင်းဆင်းဆေးကုသဆောင်ရွက်မှု သတင်းမှတ်တမ်းဓာတ်ပုံများပေးပို့ခြင်း၊

- နေပြည်တော်တိုင်းဦးစီးဌာနမှူးရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ၊ ကွင်းဆင်းဆေးကုသမှု မှတ်တမ်း၊

- ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီး၏ ၂၀၁၈ ခုနှစ်၊စက်တင်ဘာလ၊ ကွင်းဆင်း ဆေးကုသမှု မှတ်တမ်း၊

- ဒေသနာနယဆေးပညာအား အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ် ထိန်းသိမ်းနိုင်ရန် ဒေသနာနယဆေးကျမ်း (၃၅) ကျမ်း၏ E- Book soft copy များအား Website တင်နိုင်ရန် စုစည်းပေးပို့ခြင်းများဆောင်ရွက်ခဲ့ပါသည်။

၇။ **အထွေထွေ**

-တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖွံ့ဖြိုးရေးဌာနစိတ်မှ ဖွင့်လှစ်သောကွန်ပျူတာဘာသာရပ်သင်တန်း Microsoft Excelသင်တန်းကို (၃-၉-၂၀၁၈ ရက်မှ ၂၈-၉-၂၀၁၈) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခြင်း၊

- စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် (CTME)နှင့် ပတ်သက်၍ ညှိနှိုင်း အစည်းအဝေးကျင်းပဆောင်ရွက်ခြင်း၊
- ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအစီအစဉ်တွင် ဖွံ့ဖြိုးဌာနစိတ်မှ ဝန်ထမ်းများပါဝင်လှုပ်ရှား ကစားခြင်း၊
- ဖွံ့ဖြိုးဌာနစိတ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းပေးပို့ခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

DTM